မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 5/ Issue 10/ October / 2012*

## CHILDREN'S DAY SPECIAL WORSHIP SERVICE
## ကလေးများနေ့အထူးဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်



*A gift from God*

*Jesus said, "Let the little children come to me, and do not hinder them, for the kingdom of heaven belongs to such as these." He had placed his hands on them.*

*(Matthew. 19:14)*

*B.C.F cordially invites you and your Children to this Special Event*

*Date…October 21, 2012*
*Time…2:00 PM*
*Place…122 S. California Ave.*
*Monrovia, CA 91016*

## *Come and Join!*

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605
Phone (562) 944-9091 www.bcfla.org

# အဖဘုရားသခင်၏အကြံအစည်တော်

နိုင်ငံရပ်ခြား၌ အမှုတော် ထမ်းဆောင်နေသော ဆရာတစ်ပါးသည် လူသတ်မှုအတွက် အဂတိလိုက်စား၍ လာဘ်စားသောတရားရေးစံနစ်အောက်၌ မတရားစွပ်စွဲခံရပြီး ထောင်ချခံရသည်။

ထောင်ထဲ၌နေစဉ် ရိုက်ပုတ်ခံရသည်။ ညှင်းဆဲခံရသည်။ နေ့စဉ်စားသောက်သော အစားအစာကိုပင် သူငယ်ချင်းမိတ်ဆွေများက ထောင်ထဲသို့ ယူဆောင်လာရသည်။ ဤကဲ့သို့ ယူဆောင်လာနိုင်ရန် ထောင်စောင့်များကိုလည်း ကျွေးမွေးရသည်။ ထောင်ထဲ၌ (၂)နှစ်တိုင်တိုင် အလူးအလိမ့်ခံရသည်။

သက်ဆိုင်ရာမှ ဤလူသတ်မှုအတွက် စုံစမ်းလိုက်သောအခါ ဆရာသည် လူသတ်သော တရားခံ မဟုတ်ကြောင်း တွေ့ရသည်။ လူသတ်မှုဖြစ်နေသောနေရာ၌ လူသတ်မှုဖြစ်နေချိန်တွင် တိုက်ဆိုင်စွာဖြင့် ရောက်ရှိသွားခြင်းသာဖြစ်ကြောင်း စုံစမ်းတွေ့ရှိသဖြင့် ဤဆရာကို ထောင်မှ လွှတ်လိုက်သည်။


ဆရာသည် ထောင်ထဲ၌နေစဉ် ခက်ခဲသဖြင့် မျှော်လင့်ချက် ကင်းမဲ့သည်ဟုထင်ရသော်လည်း စိတ်ပျက်အားလျှော့ခြင်းမရှိ ဆုတောင်းခွန်အားယူလျက် လက်မြှောက်အရှုံးမပေး သည်းခံလျက် ခက်ခက်ခဲခဲ ခရစ်ယာန်တစ်ယောက်၏ ပုံသက်သေကောင်းပြကာ အမှုတော်ကို ဆက်လက်ထမ်းဆောင်ကြောင်းတွေ့ရသည်။

အဘယ်ကြောင့် ဤသို့ပြောနိုင်သနည်း။ ထောင်ထဲ၌နေစဉ် ဆရာသည် ပင်ပန်းကြီးစွာ စိုက်ပျိုး၍ သီးလာသောအသီးများကို ရေတွက်ကြည့်လျှင် သူထောင်ထဲ၌နေစဉ် ရာဇဝတ်သားစုစုပေါင်း ၅၃ ဦးကို ပြောင်းလဲပေးနိုင်ခဲ့သည့်အပြင် ထောင်ထဲ၌ နေ့စဉ်မျှော်လင့် ခြင်းကင်းမဲ့နေသော ထောင်သားများအတွက် ကယ်တင်ခြင်းအလင်းကိုပြ၍ အသင်းတော်တစ်ပါးကို တည်ထောင်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ မတရားစွပ်စွဲခံရ၍ ထောင်ထဲ၌ ဒုက္ခအမျိုးမျိုးခံရသော ဤဆရာကို အသုံးပြုခြင်းအားဖြင့် အဖဘုရားသခင်သည် ကယ်တင်ခြင်းအလင်းတရားကို ထောင်ထဲသို့ ရောက်အောင် ပို့ဆောင်နိုင်ခဲ့ကြောင်း တွေ့ရသည်။

အော် – အဖဘုရားသခင်၏ အကြံအစည်တော်သည် အံ့သြ၍ မကုန်နိုင်။

မှတ်ချက်– အထက်ပါ အကြောင်းအရာသည် ဂွာတီမာလာနိုင်ငံ၌ ပြုလုပ်သော ဖေ်ဂေလိလုပ်ငန်း၏အစီရင်ခံစာ၌ ပါဝင်သော ဖြစ်ရပ်မှန်တစ်ခု ဖြစ်ပါသည်။

ရေး၊– John Ma




ရေး၊–John Ma

သစ်ပင်နှင့်ပန်းမာန်များကို ပြုစုပျိုးထောင်ရသော ဥယျာဉ်မှူးကြီးတစ်ဦး၌ အပင်များကို ရေလောင်းရန်အတွက် ရေပုံးနှစ်ပုံး ရှိပေသည်။

တစ်ပုံးသည် အနာအဆာလုံးဝမရှိ။ ရေကိုအပြည့်ဖြည့်၍ သယ်ယူနိုင်သော ရေပုံးဖြစ်သည်။ အခြားရေပုံးမှာမူကား အပေါ်ဘက်တွင် အက်ကွဲကြောင်းရှိနေသဖြင့် ရေကို ဘယ်လိုပင် အပြည့်ဖြည့်ထားသော်လည်း ရေများစိမ့်ယိုကာ ပန်းထွက်နေပါသည်။

နေ့စဉ်ပင် ဥယျာဉ်မှူးကြီးသည် ထမ်းပိုးဖြင့် ရေပုံးနှစ်ပုံးကို သယ်ယူရာတွင် အနာအဆာလုံးဝမရှိသောရေပုံးကို လက်ယာဘက်၊ အက်ကွဲနေသောရေပုံးကို လက်ဝဲဘက်တွင်အမြဲထား၍၊ စမ်းချောင်းမှရေကိုအပြည့်ခပ်ယူပြီး၊ ဥယျာဉ်ရှိသောနေရာသို့ ခေါက်တုံ့ခေါက်ပြန်သွားရသည်။

အချိန်ကြာညောင်းခဲ့သော်လည်း ဥယျာဉ်မှူးကြီးသည် စိတ်ပျက်အားလျော့ခြင်း မရှိ။ မိမိ၏တာဝန်ကို မပျက်ကွက်။ ရေကိုမှန်မှန်ဖြည့်၍ သယ်ယူလျှက်ရှိသည်။ သို့သော် ဥယျာဉ်သို့ ရောက်သည့်အခါတိုင်းတွင် ရေတစ်ပုံးနှင့်တစ်ဝက်သာ ကျန်ပါတော့သည်။

အနာအဆာလုံးဝမရှိသောရေပုံးသည် ရေကိုမဖိတ်မစင် အပြည့်ဖြည့်ထားနိုင်ခြင်းကို ဂုဏ်ယူဝင့်ကြွားသည်။ အက်ကွဲနေသော ရေပုံးမှာမူကား သူ၏အက်ကွဲခြင်းနှင့် မပြည့်မစုံမှုတို့ကြောင့် ရေကို ပုံးတစ်ဝက်သာ ပေးနိုင်သည့်အတွက် စိတ်ဝယ်ယူကြုံးမရဖြစ်ခါ ဥယျာဉ်မှူးကြီးထံတွင် မိမိကြောင့်ဆုံးရှုံးရခြင်းကို ဝန်ချတောင်းပန်လေ၏။ ထိုအခါဥယျာဉ်မှူးကြီးသည် ပြုံး၍ ဤသို့ ပြောကြားလေသည်။ “ငါ့သား ... သင်သတိပြုမထားမိဘူးလား? ... စမ်းချောင်းမှ ဥယျာဉ်သို့ သွားသောလမ်းကလေး၏ဘယ်ဘက်တွင် ပန်းမျိုးပေါင်းစုံစွာ ဖူးပွင့်ဝေဆာနေသည်ကို တွေ့ရသည်။ သို့သော်လည်း လမ်းကလေး၏ အခြားတစ်ဘက်ဖြစ်သော ညာဘက်မှာမူကား မည်သည့်ပန်းမျှ မပွင့်ပါ။

ငါ့သား၏အက်ကွဲမှုကြောင့် ရေယိုစိမ့်နေသည်ကို သိထားသဖြင့် စမ်းချောင်းမှ ဥယျာဉ်သို့ သွားသောလမ်းတလျှောက်၏ဘယ်ဘက်တွင် ပန်းမျိုးစေ့ အမျိုးမျိုးကို ကြိုကြဲထားသည်။ နေ့စဉ် ငါ့သား၏အက်ကွဲကြောင်းမှ ယိုစိမ့်ပန်းထွက်လာသော ရေပုံးတစ်ဝက်ခန့် ရေများဖြင့် ရေလောင်းပြီးသားဖြစ်သည်။ ထို့ကြောင့် ဤလမ်းကလေး၏ဘယ်ဘက်၌ ပန်းမျိုးစုံစွာ ဖူးပွင့်ဝေဆာနေသည့်အပြင် ပန်းရနံ့ဖြင့် သင်းပျံ့မွှေးကြိုင်နေပါသည်။

ထိုနည်းတူ ဥယျာဉ်မှူးကြီးသည် ကျွန်ုပ်တို့လောကသားများ၏ အပြစ်အနာအဆာနှင့် မပြည့်စုံမှုတို့ကို နေ့စဉ်ထမ်းပေးနေပါသည်။ ကျွန်ုပ်တို့သည်မိမိတို့၏အားနည်းချက်ကြောင့် မပြည့်စုံမှုတို့ကို ဥယျာဉ်မှူးကြီးဖြစ်သော မေတ္တာတော်ရှင် အဘဘုရားသခင်သည် ယေရှုခရစ်တော်အားဖြင့် ပြီးပြည့်စုံစေတော်မူ၏။

*စိုက်ပျိုးသောသူမတတ်နိုင်။*
*ရေလောင်းသောသူလည်းမတတ်နိုင်။*
*ကြီးပွါးစေတော်မူသောဘုရားသခင်သာလျှင်တတ်နိုင်တော်မူ၏။*
*သို့သော်လည်း စိုက်ပျိုးသောသူနှင့် ရေလောင်းသောသူသည် တလုံးတဝတည်းဖြစ်၍၊*
*အသီးအသီး မိမိလုပ်သည်အတိုင်း မိမိအကျိုးကို ခံရလိမ့်မည်။ (၁ကော၊၃း၇)*

# LUCK & BLESSING

With LUCK you can get MONEY,

But with BLESSING you can get everything.

With money you can buy … a HOUSE, but not … a HOME.

With money you can buy … a CLOCK, but not …TIME.

With money you can buy … a BED, but not … SLEEP.

With money you can buy … a BOOK, but not … KNOWLEDGE.

With money you can see … a DOCTOR, but not … GOOD HEALTH.

With money you can buy … a POSITION, but not … RESPECT.

With money you can buy … BLOOD, but not … LIFE.

With money you can buy … SEX, but not … LOVE.

HOME… TIME… SLEEP… KNOWLEDGE … GOOD HEALTH … RESPECT… LIFE … LOVES … etc. They are BLESSINGS.

You cannot buy BLESSINGS with money.

# O God, 'You' are the "Most"!

Frist, my car broke down
I was very late for work
But I missed that awful accident
Was that your handiwork?

I found a house I loved
But others got there first
I was angry, then relieved
When I heard the pipes had burst!

Yesterday, I found the perfect dress
But the color was too pale
Today, I found the dress in red
Would you believe it was on sale!

I know, You're watching over me
And I'm feeling truly blessed
For no matter what I pray for
You always know what's best!

I am so bless to have those
So this little poem I dedicate to 'You'
Because to me 'You' are the "Most"!

This comes right from my heart.
Today is a gift of grace.

O God, You're the "Most"!

~ Unknown Author ~

# Thanks to God

Thanks to God for my Redeemer,
Thanks for all Thou dost provide!
Thanks for times now but a mem'ry,
Thanks for Jesus by my side!
Thanks for pleasant, balmy springtime,
Thanks for dark and dreary fall!
Thanks for tears by now forgotten,
Thanks for peace within my soul!

Thanks for prayers that Thou hast answered,
Thanks for what Thou dost deny!
Thanks for storms that I have weathered,
Thanks for all Thou dost supply
Thanks for pain, and thanks for pleasure,
Thanks for comfort in despair!
Thanks for grace that none can measure,
Thanks for love beyond compare!

Thanks for roses by the wayside,
Thanks for thorns their stems contain!
Thanks for home and thanks for fireside,
Thanks for hope, that sweet refrain!
Thanks for joy and thanks for sorrow,
Thanks for heav'nly peace with Thee!
Thanks for hope in the tomorrow,
Thanks thro'all eternity!

Thanks to God
By August L. Storm and John A. Hultman
Public Domain